မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

August 4 , 2025 Volume 93, Number 2


၄. ၈.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၂.၉၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၂၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၅.၉၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၉.၂၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၅ ကျပ် |



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## နန်နင်းမြို့တွင်ကျင်းပမည့် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း (၈၀) ပါဝင်ပြသမည်




တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင်ကျင်းပမည့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ(CAEXPO)တွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း (၈၀) ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို လာမည့်စက်တင်ဘာ (၁၇) ရက်မှ (၂၁) ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံမှစိုက်ပျိုးရေးအခြေခံ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ တရုတ်ဈေးကွက် ဝင်ရောက်နိုင်ရန် အခွင့်အလမ်းများ ရှာဖွေမည်ဖြစ်သလို မြန်မာ့အရည်အသွေးမြင့် ကျောက်မျက်ရတနာများ ခင်းကျင်းပြသနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်းက နန်နင်းမြို့တွင် ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင်လည်း မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာများ၊ တန်ဖိုးမြင့် စားသောက်ကုန်များအပါအဝင် ပြခန်းပေါင်း (၈၀)ကျော် ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်မှစ၍ တရုတ်-အာဆီယံအထူးပြပွဲများတွင် ပုံမှန်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ရေယာဉ်ဖြင့် တင်ဆောင်သည့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်ရန် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းက ဆိပ်ကမ်းတွေကို ရေယာဉ်တွေနဲ့ တင်ဆောင်လာတဲ့ တရားမဝင်ကုန်ပစ္စည်းတွေကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းထားကြောင်း အကောက်ခွန်ဦးစီးဌာနကနေ သိရပါတယ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ရန်ကုန်-ကော့သောင်း-ရနောင်း၊ ရနောင်း-ကော့သောင်း-ရန်ကုန်၊ ရန်ကုန်-တက္ကနုပ်၊ ရန်ကုန်-စစ်တကောင်းနဲ့ ရန်ကုန်-ကော့သောင်း၊ ကော့သောင်း-ရန်ကုန်စတဲ့ ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းတို့မှာ တရားမဝင်ကုန်သွယ်မှုတွေကို စစ်ဆေးသွားမှာပါ။

အဆိုပါလမ်းကြောင်းများမှ ကုန်ပစ္စည်းတင်ဆောင်လာတဲ့ ရေယာဉ်တွေက သွင်းကုန်လိုင်စင်ရရှိမှုနဲ့ ကုန်ပစ္စည်းသယ်ဆောင်မှုအပေါ် ဆိပ်ကမ်းတွေမှာ ကုန်တင်/ကုန်ချမှုတွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်မှုရှိ/မရှိ စိစစ်ဖို့ရှိပါတယ်။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်နိုင်ရေးအတွက် သတင်းရရှိမှုအရဖြစ်စေ၊ ခိုင်လုံတဲ့အကြောင်းပြချက်ရှိရင်ဖြစ်စေ ဆိပ်ကမ်းဧရိယာအတွင်း ဘယ်လိုနေရာမှာမဆို ရေကြောင်းကုန်စည်တွေကို ရှာဖွေစစ်ဆေးဖို့ တာဝန်ရှိတယ်လို့ သိရပါတယ်။

လက်နက်/ခဲယမ်းနဲ့ ဆက်စပ်တဲ့ပစ္စည်းတွေ၊ ကန့်သတ်/တားမြစ်ကုန်စည်တွေ၊ ပေါက်ကွဲစေတတ်တဲ့ပစ္စည်းတွေ၊ မူးယစ်ဆေးဝါးတွေနဲ့ တရားမဝင်ကုန်ပစ္စည်းတွေ တင်သွင်း/တင်ပို့မှုမရှိစေဖို့ စစ်ဆေးဆောင်ရွက်မှာပါ။

အထက်ဌာနရဲ့ ညွှန်ကြားချက်အရသော်လည်းကောင်း၊ သတင်းအရသော်လည်းကောင်း၊ သံသယဖြစ်ဖွယ်အချက်တွေ စစ်ဆေးတွေ့ရှိရင်သော်လည်းကောင်း ရေယာဉ်နဲ့တင်ဆောင်မဲ့ ကုန်ပစ္စည်းတွေကို အသေးစိတ်ဖွင့်ဖောက်စစ်ဆေးမယ်လို့ သိရပါတယ်။

လက်ရှိမှာ နယ်စပ်ကုန်သွယ်ရေးစခန်းအချို့ကို ခေတ္တပိတ်ထားရတဲ့အတွက် ရေလမ်းကြောင်းမှတစ်ဆင့် ဆောင်ရွက်ရတဲ့ ပုံမှန်ကုန်သွယ်ရေးမှာ ပို့ကုန်နဲ့သွင်းကုန် စစ်ဆေးကြပ်မတ်မှုနဲ့ စာရင်းမှန်ကန်မှုတို့မှာ ယိုပေါက်တွေရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြောထားပါတယ်။

နစကလက်ထက် ၂၀၂၂ ခုနှစ် ဇန်နဝါရီကနေ ၂၀၂၅ ခုနှစ် ဇွန်လအထိ ၃ နှစ်ကျော်ကာလအတွင်း တရားမဝင်ကုန်သွယ်မှု ခန့်မှန်းတန်ဖိုး ကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း ကော်မတီရဲ့စာရင်းတွေအရ သိရပါတယ်။

**Source: BETV Business**

## ရုရှားနိုင်ငံက မြန်မာနိုင်ငံမှ နှစ်စဉ် သရက်သီးအနှစ် တန်ချိန်တစ်သောင်း ဝယ်လိုကြောင်းဆို




ရုရှားနိုင်ငံက မြန်မာနိုင်ငံမှ နှစ်စဉ်သရက်သီးအနှစ် တန်ချိန်တစ်သောင်း ဝယ်လိုကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

ဇူလိုင် ၂၈ ရက်က ရုရှားနိုင်ငံကို သရက်သီးအနှစ်များ တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ ပြည်တွင်း သရက်လုပ်ငန်းရှင် များနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

စီးပွားရေးလုပ်ငန်းရှင်များက ရုရှားနိုင်ငံကို သရက်သီးအနှစ်နှင့် သရက်သီးအခြောက်တင်ပို့နေမှုနှင့် လိုအပ်ချက်များကို ရုရှားဝယ်လက် များနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံမှ သရက်သီးအနှစ်နှင့် သရက်သီးအခြောက်များ တင်ပို့လိုသည့်လုပ်ငန်းရှင်များကို ရုရှားဝယ်လက်များနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လက်ရှိတွင် ရုရှားနိုင်ငံက သရက်သီးအနှစ်ကို အိန္ဒိယနိုင်ငံမှ အဓိကတင်သွင်းလျက်ရှိသည်။

“သရက်သီးအနှစ်တွေ ဝယ်လိုအားရှိလာတာကောင်းပါတယ်။ ရုရှားနိုင်ငံက ဝယ်လိုအားကို တင်ပို့နိုင်ဖို့ဆိုရင် တစ်နှစ်ကြိုပြင်မှရပါမယ်။ ကျွန်မတို့ဆီက စိန်တလုံးသရက်သီးအနှစ်က ဈေးမြင့်နေတော့ တင်ပို့ရန်အတွက် ဈေးမကိုက်ဘူး။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတွေက ရင်ကွဲသရက်သီးတွေကို အနှစ်လုပ်ပို့ရင်တော့ အဆင်ပြေနိုင်ပါတယ်”ဟု သရက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် မြန်မာ့သရက်သီးအထွက်နှုန်း ရာခိုင်နှုန်း ၅၀ ခန့် ကျဆင်းခဲ့ပြီး ပြည်ပတင်ပို့နိုင်မှုလည်း ကျဆင်းခဲ့ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကွက်အနည်းငယ်ကျဆင်း၍ အဝယ်အေးနေ



ပြည်တွင်း ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး ဈေးကွက်အနည်းငယ်ကျဆင်း၍ အဝယ်အေးနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မိုးရာသီအတွင်း ကုန်စည်စီးဆင်းမှု အခက်အခဲရှိသောကြောင့် ပြည်တွင်း ပဲတင်ပို့မှုနည်းပြီး ဈေးကွက်အနည်းငယ်ကျဆင်းနေကြောင်း၊ လက်ရှိတွင် ပြည်တွင်း ပဲမာလိုင်းများနှင့် ပြည်တွင်းသုံး ကုလားပဲများ၊ ပို့ကုန်ပဲများမှာ အရောင်းအဝယ်အေးနေကြောင်း၊ လက်ကျန်နည်းလာသည့် စားတော်ပဲ၊ ပဲကြီးတို့သာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင် ဦးကျော်သွင်က ပြောသည်။

ဩဂုတ် ၃ ရက်တွင် ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၆၅၀,၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၅၆၀,၀၀၀ အထိ စံချိန်တင် ဈေးမြင့်တက်လာသည်။

ဩဂုတ် ၃ ရက်တွင် ဈေးမြင့်တက်နေသည့် နှမ်းနက်မှာ ဈေးကျဆင်းသွားရာ နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ ပေါက်ဈေးရှိနေပြီး လက်ရှိအချိန်တွင် မန္တလေးဈေးကွက်တွင်သာ အဓိကအရောင်းအဝယ်ဖြစ်နေသည့် မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၆,၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးကွက်အနည်းငယ်ကျဆင်းပြီး ဈေးငြိမ်နေရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀၊ V7 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၂,၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၂,၀၀၀ အသီးသီးဈေးကျဆင်းသွားသည်။

ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀၊ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၇,၀၀၀၊ ပဲတီးစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅,၀၀၀ သာ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်တွင်း၌ တရားမဝင်ကုန်သွယ်မှုမရှိစေရေးအတွက် စိစစ်စစ်ဆေးမှုများရှိနေသလို မိုးတွင်းကာလဖြစ်သောကြောင့် သယ်ယူပို့ဆောင်ရေး အခက်အခဲရှိတာကြောင့်လည်း မန္တလေး ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ်အေးနေခြင်း ဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဖိလစ်ပိုင်နိုင်ငံနှင့် အီးယူကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး နိုင်ရေး ၂၀၂၆ ခုနှစ်တွင် အပြီးသတ်ဆွေးနွေးသွားမည်ဖြစ်

ဖိလစ်ပိုင်နှင့်အီးယူကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အား လာမည့် ၂၀၂၆ ခုနှစ်တွင်း အပြီးသတ်ဆွေးနွေးသွားမည်ဖြစ်ပြီး ဈေးကွက်အသစ်ရှာဖွေနိုင်ရေးအတွက်ဖြစ်ပါကြောင်း၊ လတ်တလောဆွေးနွေးမှုများအရ ပိုမိုတိုးတက်ကောင်းမွန်စွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သဖြင့် ဖိလစ်ပိုင်ထွက်ကုန်ပစ္စည်းများအား ဥရောပဈေးကွက်သို့တင်ပို့ ရောင်းချနိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့်သတင်းပတ်အတွင်း နောက်ဆုံးဆွေးနွေးခဲ့သည့်ညှိနှိုင်းချက်အရ အဓိကကုန်သွယ်မှုကဏ္ဍ ၁၉ ခုအပြင် နောက်ထပ်ကဏ္ဍအသစ်များဖြစ်သော ဒီဂျစ်တယ်ကုန်သွယ်မှု၊ အစိုးရဝယ်ယူရေး၊ စွမ်းအင်နှင့်ကုန်ကြမ်းပစ္စည်းများဆိုင်ရာကဏ္ဍတို့ကိုလည်း ထည့်သွင်းဆွေးနွေးလျက်ရှိကြောင်း ဖော်ပြပါရှိသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း နောက်ထပ်ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် သတ်မှတ်ထားရှိပြီးဖြစ်ကြောင်း၊ ထုတ်ပြန်ခဲ့သည့် စာရင်းဇယား၊ အချက်အလက်များအရ ၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံမှအီးယူသို့ ပို့ကုန်တင်ပို့မှု အမေရိကန် ဒေါ်လာ ၈ ဒသမ ၀၇ ဘီလီယံရှိပြီး စုစုပေါင်းပို့ကုန်ပမာဏ၏ ၁၁ ရာခိုင်နှုန်းခန့်ရှိသည်။ ဖိလစ်ပိုင်-အီးယူကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများအား ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အမေရိကန်နိုင်ငံမှ သတ်မှတ်ခဲ့သည့် အခွန်နှုန်းထားအသစ်အရ ဖိလစ်ပိုင်ပို့ကုန် လုပ်ငန်းရှင်များအတွက် နောက်ထပ်အလားအလာရှိသော ဈေးကွက်တစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

အမေရိကန်မှ ဖိလစ်ပိုင်နိုင်ငံ၏ သွင်းကုန်ပစ္စည်းများအပေါ် အခွန်နှုန်းထားအား ၂၀ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံမှလည်း အမေရိကန်နိုင်ငံသွင်းကုန်ပစ္စည်းများအနက် မော်တော်ယာဉ်ပစ္စည်းများ၊ ပဲပိစပ်၊ ဂျုံနှင့်ဆေးဝါးပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်ပေးခဲ့ပါသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် Comprehensive and Progressive Agreement for Trans-Pacific Partnership(CPTPP) နှင့်လည်း ပိုမိုနက်ရှိုင်းသည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကွန်ရက်အား ရှာဖွေလျက်ရှိကြောင်းဖော်ပြပါရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သည့် CPTPP အဖွဲ့သို့ဝင်ရောက်လိုကြောင်း လျှောက်ထားတင်ပြထားခဲ့ပြီးဖြစ်သည်။ CPTPP ၏ ဂျီဒီပီနှုန်းထားသည် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာဂျီဒီပီနှုန်းထား၏ ၁၄ ဒသမ ၄ ရာခိုင်နှုန်းထိရှိခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှာ ယူကေ၊ ဗီယက်နမ်၊ စင်ကာပူ၊ ပီရူး၊ နယူးဇီလန်၊ မက္ကဆီကို၊ မလေးရှား၊ ဂျပန်၊ ချီလီ၊ ကနေဒါ၊ ဘရူနိုင်း၊ ဩစတြေးလျတို့ဖြစ်သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် ယူအေအီးနိုင်ငံနှင့်လည်း Comprehensive Economic Partnership Agreement(CEPA) ချုပ်ဆိုရန် နောက်ဆုံးအပြီးသတ်ဆွေးနွေးလျက်ရှိပါသည်။ သဘောတူညီချက်အား လက်မှတ်ရေးထိုးပြီးပါက ယူအေအီးနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး အဓိကအားဖြင့် UAE’s Sovereign Wealth Funds မှဖြစ်ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဖိလစ်ပိုင်ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ Managing Head ဖြစ်သူကလည်း ပြောထားသည်ကို တွေ့ရှိရသည်။ အဆိုပါသဘောတူချက်သည် ဖိလစ်ပိုင်နိုင်ငံသား ပို့ကုန်လုပ်ငန်းရှင်များအတွက် ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(Gulf Cooperation Council-GCC) အဖွဲ့ဝင် ၆ နိုင်ငံသို့ ဈေးကွက်ချိတ်ဆက်နိုင်သည့် အလားအလာများနှင့် အနီးအနားရှိအာဖရိကနိုင်ငံများသို့လည်း ဝင်ရောက်နိုင်မည့်အခွင့် အလမ်းများ ရရှိနိုင်ကြောင်း ဖော်ပြပါရှိသည်။

**Source:** **https://mb.com.ph/2025/07/28/ph-eu-free-trade-deal-nearing-completion-set-for-2026-finalization**

**(ကောသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/

## ထိုင်းနှင့် ကမ္ဘောဒီးယားတို့အကြား ပဋိပက္ခဆက်လက်တည်ရှိနေမည်ဆိုပါက ခရီးသွားလာရေးကဏ္ဍကို ထိခိုက်လာနိုင်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများက စိုးရိမ်ပူပန်လျက်ရှိ

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ထိုင်း-ကမ္ဘောဒီးယားနယ်စပ်မှ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက နှစ်နိုင်ငံနယ်စပ်တိုက်ခိုက်မှုများကို ၃ ရက်မှ ၇ ရက်အတွင်းမဖြေရှင်းနိုင်ပါက ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ပြည်နယ်အနီးအနားသို့ ခရီးသွားလာရန် ရှောင်ရှားလာနိုင်သောကြောင့် ခရီးသွားကဏ္ဍကို ပြင်းပြင်းထန်ထန်သက်ရောက်မှုရှိနိုင်သည်ကို ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက စိုးရိမ်လျက်ရှိကြောင်း သိရှိရပါသည်။

အရှေ့မြောက်ပိုင်း အောက်ပိုင်းဒေသများရှိ ဟိုတယ်များက တိုက်ခိုက်နေမှုများကို စောင့်ကြည့်လျက်ရှိပြီး ပြည်တွင်းခရီးသွားများက ပြည်နယ်အနီးခရီးစဉ်များကို ဖျက်သိမ်းလာနိုင်ကြောင်း၊ ဧည့်သည်များ၏ ၈၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှဖြစ်ပြီး Khao Yai ကို ပိတ်ရက်များတွင် အပန်းဖြေရန်လာရောက်ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင်ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကြောင့် နိုင်ငံသားသေဆုံးခဲ့ရာ အစိုးရအနေဖြင့် ယင်းပြဿနာများကို ၃ ရက်မှ ၇ ရက်အတွင်းဖြေရှင်းရန် စီးပွားရေးလုပ်ငန်းကဏ္ဍက တောင်းဆိုခဲ့ကြောင်း၊ ယင်းသို့မဟုတ်ပါက ပြည်တွင်းခရီးသွားများသည် အခြားသောနေရာများသို့ ပြောင်းရွှေ့လည်ပတ်သွားနိုင်ကြောင်း၊ သတင်းများသည် ကမ္ဘာအနှံ့ပျံ့နှံ့သွားပါက နိုင်ငံခြားသားများလည်း လာရောက်လည်ပတ်ရန် ရှောင်ရှားသွားနိုင်ကြောင်း အရှေ့မြောက်ပိုင်းရှိ Thai Hotels Association ဥက္ကဋ္ဌ Mr. Runroj Santadvanti က ပြောကြားခဲ့ပါသည်။

ပစ်ခတ်မှုမဖြစ်ပွားမီ အရှေ့မြောက်ပိုင်း အောက်ပိုင်းဒေသများရှိ ဟိုတယ်ငှားရမ်းရမှုသည် ၄၀ ရာခိုင်နှုန်းရှိပြီး အစိုးရ၏ အစည်းအဝေးနှင့် ဆွေးနွေးပွဲများကျင်းပမှုတွင် အသုံးစရိတ်အားနည်းလာသောကြောင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါကြောင်း၊ ယခုအနိမ့်ဆုံးရာသီတွင် စီးပွားရေးလုပ်ငန်းအလားအလာသည် အဆိုးဆုံးတွင်ရှိနေပါကြောင်း၊ ပြည် တွင်းပူးတွဲပေးချေမှုအစီအစဉ်သည် ပြည်တွင်းခရီးသွားကဏ္ဍကို မှန်းထားသလောက် မလှုံ့ဆော်နိုင်သောကြောင့် ဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါအစီအစဉ်သို့ ယင်းဒေသရှိဟိုတယ် ၅၀ ရာခိုင်နှုန်းသာပါဝင်ထားပြီး ကျန်ရာခိုင်နှုန်းမှာ နည်းပညာအခက်အခဲကြုံတွေ့နေရသောကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် လက်ရှိတင်းမာမှုကို တတ်နိုင်သမျှ မြန်မြန်ဆန်ဆန်ဖြေရှင်းပေးစေလိုကြောင်း၊ ထိတွေ့မှုများ ဆက်လက်ဖြစ်ပွားနေပါက လုံခြုံရေးဆိုင်ရာစိုးရိမ်မှုကြောင့် ခရီးသွားကဏ္ဍကို ပြင်းထန်စွာသက်ရောက်နိုင်ကြောင်း၊ လက်ရှိတွင် နယ်စပ်တစ်လျှောက်ခရီးသွားဆွဲဆောင်သည့်နေရာများကို ယာယီပိတ်ထားပြီဖြစ်ကြောင်း၊ နိုင်ငံခြားချိတ်ဆက်မှုများနှင့် ဘဏ္ဍာငွေခိုင်မာသော ရင်းနှီးမြှုပ်နှံသူများနှင့်လည်ပတ်နေသော ဗန်ကောက်၊ ဖူးခက်နှင့်ပတ္တရားတို့ရှိ ဟိုတယ်များနှင့်မတူညီဘဲ အရှေ့မြောက်ရှိ ဟိုတယ်များသည် သီးခြားဖြစ်ပြီး ဘဏ်ချေးငွေများအပေါ် မှီခိုနေရသကဲ့သို့ ပြည်တွင်းစားသုံးမှုကို မှီခိုနေရပါကြောင်း၊ လက်ရှိပဋိပက္ခနှင့် မိုးရာသီအတွင်း အပူပိုင်းမုန်တိုင်းတို့၏ရိုက်ခတ်မှုကြောင့် အလုပ်သမားများ လျှော့ချခြင်းနှင့် လုပ်ငန်းရပ်ဆိုင်းမှုများကို ဆောင်ရွက်လာနိုင်ကြောင်း၊ အနည်းဆုံးလုပ်ခလစာမြင့်တက်လာမှုကြောင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကိုထိခိုက်ပြီး ယင်းတို့အနေဖြင့် နှစ်ကုန်ပိုင်းအထိ လုပ်ငန်းလည်ပတ်ရန် လုံလောက်သော ဘဏ္ဍာငွေခိုင်မာမှုမရှိတော့ပါကြောင်း၊ အစိုးရအနေဖြင့် ပူးတွဲပေးချေမှုစနစ်ကို ပိုမိုထိရောက်မှုနှင့် အမြင့်ဆုံး ရာသီတွင် လွှမ်းခြုံနိုင်ရေးတိုးချဲ့သင့်ကြောင်း Mr. Rungroj က အကြံပြုထားပါသည်။

ထိုင်းနှင့်ကမ္ဘောဒီးယားတို့အကြား အရှေ့မြောက်ပိုင်းရှိ Preah Vihear Temple တည်ရှိရာ နယ်မြေပိုင်ဆိုင်မှု ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကာလရှည်အငြင်းပွားမှုရှိခဲ့ပြီး ၂၀၂၅ ခုနှစ် မေလမှစ၍ အခြေအနေတင်းမာလာလျက်ရှိပါသည်။ ဇူလိုင်လ ၂၄ ရက်နေ့ နံနက် ၁၂ နာရီမှစ၍ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် ဖြတ်သန်းသွားလာခွင့်ကို ပိတ်သိမ်းခဲ့ပြီး နံနက်ပိုင်းမှစ၍

နှစ်နိုင်ငံထိတွေ့ပစ်ခတ်မှုများ စတင်ဖြစ်ပေါ်လာခဲ့ရာ နှစ်နိုင်ငံသံတမန်အဆင့်လျှော့ချမှုများအထိ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ ယင်းအခြေအနေသည် ဇူလိုင်လ ၂၅ ရက်နေ့ထိ တင်းမာလျက်ရှိကြောင်း သိရှိရပါသည်။ ယင်းသို့ပြင်းထန်လာသော အခြေအနေသည် ယင်းဒေသအနီးတစ်ဝိုက်ရှိ ခရီးသွားလာရေးလုပ်ငန်းများတွင် ပြင်းထန်စွာရိုက်ခတ်လာနိုင်သဖြင့် ထိုင်းနိုင်ငံအစိုးရအနေဖြင့် ရက်ပိုင်းအတွင်း ဖြေရှင်းပေးနိုင်ရေး ဒေသခံခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက တောင်းဆိုထားကြောင်း သိရှိရပါသည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ ဗင်လောင်းမြို့တွင် မာကာပူနိုအုန်းသီးကို ဒေါ်လာဘီလီယံချီတင်ပို့သည့် သီးနှံအဖြစ် မြှင့်တင်ရန် နည်းပညာအသုံးချဆောင်ရွက်

မာကာပူနို(Macapuno)အုန်းသည် ဗီယက်နမ်နိုင်ငံ၏ အဓိကစက်မှုသီးနှံ ၆ မျိုးထဲမှတစ်ခုဖြစ်ပြီး နှစ်စဉ်ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရရှိကြောင်း VN Economy အွန်လိုင်းသတင်း ဖော်ပြချက်အရ သိရှိရပါသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ဗင်လောင်းမြို့သည် အုန်းစိုက်ပျိုးခြင်းအတွက် အထူးကောင်းမွန်ပြီး စီးပွားရေးအရ တန်ဖိုးရှိသောမာကာပူနိုအုန်းမျိုးစိတ်(dua sap ဟုလူသိများသည့်)အုန်းစိုက်ပျိုး အောင်မြင်သည့် ဒေသတစ်ခုအဖြစ် လူသိများကြောင်း ဖော်ပြထားပါသည်။

မိုးခေါင်မှုနှင့် ရေငန်ဝင်ရောက်မှုအပါအဝင် ပိုမိုပြင်းထန်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရချိန်တွင် အရည်အသွေးမြင့်မားကာပူနိုအုန်းမျိုးများဖွံ့ဖြိုးတိုးတက်စေရန် သိပ္ပံနှင့်နည်းပညာကို အသုံးချခြင်းသည် ဒေသခံတောင်သူများအတွက် ရေရှည်တည်တံ့သော နည်းလမ်းဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

စာရင်းဇယားများအရ လက်ရှိတွင် အဆိုပါပြည်နယ်သည် မာကာပူနိုစိုက်ပျိုးမြေခန့်မှန်းခြေ ၁,၂၇၇ ဟက်တာရှိပြီး အုန်းပင် ၂၅၀,၀၀၀ ခန့်ရှိကြောင်း၊ စိုက်ပျိုးနည်းစနစ်များကြားတွင် ထုတ်လုပ်မှုကွာခြားချက်မှာ အလွန်ကြီးမားကြောင်း၊ မိရိုးဖလာစိုက်ပျိုးသည့် မာကာပူနိုအုန်းပင်များ သည် တစ်နှစ်လျှင် တစ်ခိုင်မှ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိရှိပြီး တစ်ပင်လျှင် ၂၀ လုံးမှ ၂၅ လုံးခန့်ထွက်ရှိကြောင်း သိရှိရပါသည်။

ခေတ်မီတစ်သျှူးနည်းပညာများကိုအသုံးပြု၍ စိုက်ပျိုးထားသောအုန်းများသည် တစ်နှစ်လျှင် ပျမ်းမျှအထွက်နှုန်းအုန်းသီး ၅၅ မှ ၆၀ အထိရှိပြီး ရာခိုင်နှုန်းအားဖြင့် ၇၅ မှ ၈၀ ရာခိုင်နှုန်းအထိရှိကြောင်းသိရှိရပါသည်။ အဆိုပါတန်ဖိုးမြင့်အုန်းသီးသည် အုန်းအရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်၍ တစ်ခုလျှင် ဗီယက်နမ်ဒေါင် ၇၀,၀၀၀(အမေရိကန်ဒေါ်လာ ၂ ဒသမ၇)မှ ဗီယက်နမ်ဒေါင် ၁၂၀,၀၀၀(အမေရိကန်ဒေါ်လာ ၄ ဒသမ ၆)အထိ ဈေးကွက်ပေါက်ဈေးများရရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အဆိုပါနည်းပညာဆိုင်ရာအားသာချက်သည် သိသာထင်ရှားသော စီးပွားရေးအကျိုးအမြတ်များရရှိစေကြောင်း၊ မိရိုးဖလာမာကာပူနိုဥယျာဉ်ခြံများသည် နှစ်စဉ်တစ်ဟက်တာလျှင် ပျမ်းမျှဝင်ငွေ ဗီယက်နမ်ဒေါင် ၃၂၀ သန်း(အမေရိကန်ဒေါ်လာ ၁၂,၂၀၀) ရရှိသော်လည်း အဆင့်မြင့်ဇီဝနည်းပညာ နည်းလမ်းများဖြင့် အသုံးပြုထားသောမာကာပူနိုဥယျာဉ်ခြံများသည် နှစ်စဉ်တစ်ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၇၇၀ သန်း(အမေရိကန်ဒေါ်လာ ၂၉,၅၀၀)ရရှိကြောင်း ဖော်ပြထားပါသည်။

Tra Vinh တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် သမာရိုးကျစိုက်ပျိုးမှုတွင် အချိုးအစား ၂၅ ရာခိုင်နှုန်းခန့်သာ ထွက်ရှိသည့် ကန့်သတ်ချက်များကိုဖြေရှင်းရန်အတွက် နည်းပညာဖြင့်စိုက်ပျိုးမှုသည် မာကာပူနိုအုန်းထွက်ရှိမှုအချိုးအစား ၈၅ ရာခိုင်နှုန်း

ကျော် အထိ အောင်မြင်စွာမြှင့်တင်ပေးနိုင်သော သန္ဓေသားလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဗင်လောင်းသည် သီးနှံမျိုးစိတ်များကို မြှင့်တင်ရုံသာမက ကျယ်ကျယ်ပြန့်ပြန့်မဟာဗျူဟာကို ချမှတ်ခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေးဇရိယာများကို ဇုန်သတ်မှတ်ခြင်း၊ ဥယျာဉ်ခြံဟောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ခြင်းတို့ပါဝင်ကြောင်း သိရှိရပါသည်။

ဗင်လောင်းသည် ပို့ကုန်ဈေးကွက်အပေါ် အာရုံစိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ထုတ်လုပ်မှုနှင့်အဆင့်မြင့်ပြုပြင်ခြင်းမှ စားသုံးသူများထံ ဖြန့်ဖြူးခြင်းအထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးမြှင့်တင်ရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် လယ်သမားများကြား မိတ်ဖက်များဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်နယ်သည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့်ပူးပေါင်းကာ အလှကုန်နှင့်ဆေးဝါးလုပ်ငန်းများတွင် မာကာပူနိုအုန်းသီးကို သုတေသနပြုလုပ်ရန် ဂျပန်နှင့်တောင်ကိုရီးယားတို့မှ သိပ္ပံပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

**Source: VN Economy**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (4.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,444 (Shares) | 41,903,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 445 | 3,159,500 | 33,109,694 | 235,079 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 3,156 | 10,320,650 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 3 | 23,400 | 10,400,986 | 81,128 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,547 | 3,016,700 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,550 | 2,600 | 2,550 | 940 | 2,442,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,650 | 1,600 | 610 | 976,150 | 19,977,223 | 31,964 |
| AMATA | 00007 | 3,550 | +0 | +0.00% | 3,350 | 3,550 | 3,350 | 502 | 1,682,100 | 10,497,598 | 37,267 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 241 | 783,250 | 23,804,946 | 77,366 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Aug, 2025

| Trading Volume | Trading Value |
|---|---|
| 17,564 (Shares) | 42,258,750 (MMK) |

## Main Board

As of 1:00 pm, 5th Aug, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,444 (Shares) | 41,903,750 (MMK) |

| MYANPIX | 361.82 ▼ 0.53 |
|---|---|
| Total Volume (shares) | 7,444 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 682,456 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,550 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR

TIR